**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ SSE / NM / ၄၀ / ၂၀၂၃
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၁-၁၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ မဇ-၁ (၀၁)/၁-၄၃(၂၀၂၃)/၅၅၈၅

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ၁-၁၂-၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၁၀:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသည့်လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ၊ ကော့သောင်းမြို့ (Kawthaung) ၏ အနောက်ဘက် ရေမိုင် (၇၂၀) မိုင်ခန့်၊ ကိုကိုးကျွန်းမြို့ (Coco Island) ၏ အနောက်-အနောက်တောင်ဘက် ရေမိုင် (၅၀၅)မိုင်ခန့်၊ အိန္ဒိယနိုင်ငံ၊ ပူဒူချယ်ရီမြို့ (Puducherry) ၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင်(၄၂၅)မိုင်ခန့်၊ ချင်းနိုင်မြို့ (Chennai) ၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် (၄၃၀)မိုင်ခန့်၊ ဘပတ်လမြို့ (Bapatla) ၏ အရှေ့တောင်ဘက် ရေမိုင် (၅၃၅)မိုင်ခန့်နှင့် မာချီလီပတ္တနမ်မြို့ (Machilipatnam) ၏ တောင်-အရှေ့တောင်ဘက် ရေမိုင် (၅၂၅) မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး မုန်တိုင်းငယ် (Depression) ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားပါသည်။

၂။ အဆိုပါ မုန်တိုင်းငယ် (Depression) သည် ၁-၁၂-၂၀၂၃ ရက်နေ့ မြန်မာစံတော်ချိန် (၁၀:၃၀) နာရီအချိန်တွင် မြောက်လတ္တီကျူ (၉.၁) ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ (၈၆.၄) ဒီဂရီ တွင်ရှိပြီး၊ ဗဟိုချက်လေဖိအား (၁၀၀၂) ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင်(၃၀) နှုန်းခန့်ဖြစ်ပါသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ၂-၁၂-၂၀၂၃ ရက်နေ့တွင် အားကောင်းသော မုန်တိုင်းငယ် (Deep Depression) အဖြစ်သို့လည်းကောင်း၊ ၃-၁၂-၂၀၂၃ ရက်နေ့တွင် ဘင်္ဂလား ပင်လယ်အော် အနောက်တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ လည်းကောင်း အားကောင်းလာနိုင်ပါသည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျား နိုင်ကာ ၄-၁၂-၂၀၂၃ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေနှင့်

ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူး မြောက်ပိုင်းကမ်းခြေတို့ကို ချင်းနိုင်မြို့နှင့် မာချီလီပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းထားပါသည်။

၃။ အဆိုပါခန့်မှန်းချက်အရ မုန်တိုင်းငယ် (Depression) ၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များနှင့် စက်တပ်သမ္ဗန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)<br>
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)